ပုံစံ (၅-က)

စာအမှတ် ၀၀၇(က)

ရက်စွဲ ၁၄-၇-၂၀၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ် ၀၁၇ /၂၀၁၇ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၂၅ (ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) **ရင်းနှီးမြှုပ်နှံသူအမည်** ဒေါ်မြင့်မြင့်အေး

(၂) **နိုင်ငံသား** မြန်မာ

(၃) **နေရပ်လိပ်စာ** အမှတ် (၁၂၇)၊ ၃ လွှာ၊ ၁၅ လမ်း၊ ရပ်ကွက်(၇)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

(၄) **ပင်မအဖွဲ့အစည်းအမည်နှင့် လိပ်စာ** -

(၅) **ဖွဲ့စည်းရာအရပ်** -

(၆) **ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား** CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း

(၇) **ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ)** မြေကွက်အမှတ် ၁၁၆/က၊ ၁၁၆/ခ၊ မြေတိုင်း ရပ်ကွက်အမှတ် ၄၂၊ စက်မှုဒေသ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၈) **နိုင်ငံခြားမတည်ငွေရင်းပမာဏ** -

(၉) **နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ** -

(၁၀) **စုစုပေါင်းမတည်ငွေရင်းပမာဏ(ကျပ်)** ကျပ် ၈၆၃.၂၂သန်း(အမေရိကန်ဒေါ်လာ ၀.၅၈ သန်း အပါအဝင် စုစုပေါင်းကျပ် ရှစ်ရာ ခြောက်ဆယ့်သုံးသန်း နှစ်သိန်း နှစ်သောင်းခန့်)

(၁၁) **တည်ဆောက်မှု/ပြင်ဆင်မှုကာလ** ၁ နှစ်

(၁၂) **အတည်ပြုမိန့် သက်တမ်း** ၂၀ နှစ်

(၁၃) **ရင်းနှီးမြှုပ်နှံမှုပုံစံ** မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု

(၁၄) **မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည်** အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited)

14. 7. 17

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ် ၀၀၇(က)
ရက်စွဲ ၁၄-၇-၂၀၁၇

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အမိန့်ကြော်ငြာစာအမှတ်၊ ဖြ၉ /၂၀၁၇

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်

၁။ အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited)မှ မြေကွက်အမှတ် ၁၁၆/က၊ ၁၁၆/ခ၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ စက်မှုဒေသ၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ စုစုပေါင်းမြေ ၁.၂၀၁ ဧကတွင် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာတင်ပြခြင်းအား ၂၀၁၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၉/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး၌ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေကို ကျင့်သုံးလျက် အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) အား CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့်အမှတ်၊ ၀၁၇/၂၀၁၇ ကို ထုတ်ပေးလိုက်သည်။

၂။ အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) အနေဖြင့် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတည်ပြုမိန့်ရရှိသည့် နေ့မှစ၍ ၂၀ (နှစ်ဆယ်) နှစ် ခွင့်ပြုသည်။

(ခ) မြေပိုင်ရှင် ဦးဌေးဦး၊ ဦးတင်ဦး၊ ဦးမျိုးဦး နှင့် အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) တို့ နှစ်ဦးသဘောတူချုပ်ဆိုထား သည့် မြေငှားစာချုပ်ပါအတိုင်း မြေငှားရမ်း သက်တမ်း ကာလမှာ ကနဦး ၁၀ နှစ် နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ် ဖြစ်ပါသည်။

(ဂ) အဆိုပြုလုပ်ငန်းဆောင်ရွက်မည့် မြေဧရိယာ ၁.၂၀၁ ဧက (၄,၈၆၀.၂၇၈ စတုရန်းမီတာ) ပေါ်တွင် ၃၀၀ ပေ x ၂၀၀ ပေ ရှိ ၂ ထပ် အဆောက်အဦ ၁ လုံး ပါဝင်ပြီး ပထမနှစ်အတွက် တစ်လလျှင် မြေနှင့် အဆောက်အဦ ငှားရမ်းခမှာ ကျပ် ၂,၅၀၀,၀၀၀ ဖြစ်ပါသည်။ မြေငှားကာလ ၅ နှစ်အတွက် မြေငှားခကို ပထမနှစ်တွင် မူလမြေငှားတန်ဖိုးဖြင့်သာ ငှားရမ်း၍ ဒုတိယနှစ်တွင် မူလမြေငှားတန်ဖိုး၏ ၂ %၊ တတိယနှစ်တွင် ၃ %၊ စတုတ္ထနှစ်တွင် ၄% နှင့်ပဥ္စမနှစ်တွင် ၅ % ဖြင့် တိုးမြှင့်ငှားရမ်းသွားမည် ဖြစ်ပါသည်။

(ဃ) အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) အနေဖြင့် ဤအတည်ပြုမိန့်အရ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၂) အရ မြေ အသုံးပြုခွင့် နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၁၈)၊ ပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ ခံစား ခွင့်ပြုနိုင်ရန် လျှောက်ထား နိုင်သည်။

(င) အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) သည် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် **ထုတ်လုပ်မှု ရည်မှန်းချက်များကို အနိမ့်ဆုံးရည်မှန်းချက်များ** အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

(စ) အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း (၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ဆ) အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) သည် အတည်ပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပြဋ္ဌာန်း ထုတ်ပြန်ထားပြီး ဖြစ်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာ ဆောင်ရွက်ရမည့် အချက်များ၊လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီလိုက်နာ ဆောင်ရွက်ရမည်။

(ဇ) အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ် တစ်ဦးဦး သို့တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်း နှင့် လုပ်ငန်း လွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြ ရမည်။

(ဈ) အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရ အတည်ပြုမိန့် သို့မဟုတ် သက်သာခွင့် ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး

နောက်သုံးလအတွင်းသတ်မှတ်ချက်ပါအသေးစိတ်များပါရှိသည့် နှစ်စဉ် အစီရင်ခံစာအားသတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ဝက်ဆိုဒ်သို့တင်ပြရမည်။

(ည) အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် ကော်မရှင်က သတ်မှတ်တောင်းခံ သည့် ပုံစံဖြင့် တင်ပြရမည်။

၃။ အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက် (Above & Beyond Company Limited) သည် အတည်ပြုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြား လိုအပ်ချက်အရ ဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုသည် ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပြီး မိတ္တူ(၅)စုံစီအား ကော်မရှင်သို့ ပေးပို့ရမည်။

(ကျော်ဝင်း)
ဥက္ကဋ္ဌ

စာအမှတ်၊ မရက- ၃/အ-၀၁၅/၂၀၁၇(၀၀၇-၈)
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
စက်မှုဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဥက္ကဋ္ဌ၊ CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

အုပ်ချုပ်မှုဒါရိုက်တာ၊ အတိုင်းထက်အလွန် ကုမ္ပဏီ လီမိတက် (Above & Beyond Company Limited)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက- ၂/န-ထွေ/၂၀၁၇ (၄၆၁)
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ဇွန် လ ၁၃ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့်အတည်ပြုခွင့်ပြုချက်ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအမှာစာ

အကြောင်းအရာ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုမိန့် ထုတ်ပေးခွင့်ပြုပါရန်ကိစ္စ**

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ (၃၇)အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အတည်ပြုချက် တင်ပြလျှောက်ထားလာသည့် ကဏ္ဍအလိုက် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	ကဏ္ဍများ	အရေအတွက်
(က)	စက်မှုကဏ္ဍ	၉
(ခ)	အခြားဝန်ဆောင်မှုကဏ္ဍ	၅
စုစုပေါင်း		၁၄

၂။ အတည်ပြုတင်ပြချက်များအရ စက်မှုကဏ္ဍမှ လုပ်ငန်း (၉)ခုနှင့် အခြားဝန်ဆောင်မှုကဏ္ဍမှ လုပ်ငန်း (၅)ခု ဖြစ်ပြီး လုပ်ငန်းများ၏ အဓိကအချက်အလက်များအား တင်ပြအပ်ပါသည်-

ကုမ္ပဏီအမည်	တည်နေရာ	စုစုပေါင်း မတည်ငွေရင်း		လုပ်ငန်း အမျိုးအစား	လုပ်သား အင်အား	မြေငှားရမ်း ကာလ
		US$ (သန်း)	ကျပ် (သန်း)			
Zhengbang (Myanmar) Farms Company Limited	မြေကွက်အမှတ် (၃၃၊ ၃၆)၊ အထူးဇုန် (၂)၊ ဥဿာ(၉) ရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ ပဲခူးတိုင်း ဒေသကြီး။	၄.၇၉	-	ငါး၊ ပုစွန် အစာများ၊ ကြက်၊ဘဲနှင့် တိရိစ္ဆာန် အစာများထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း	၂၇၃ ဦး ပြည်တွင်း ၂၆၅ ဦး ပြည်ပ ၈ ဦး	ကနဦး ၅၀ နှစ် နှင့် ၁၀ နှစ် (၂)ကြိမ် သက်တမ်း တိုး
InfraCo Myanmar Aqua Feed Company	မြေကွက်အမှတ်- ၁၊ မြေတိုင်းရပ်ကွက် အမှတ်-၁၉၊	၄.၅၀		ငါးစာ ထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးခြင်း လုပ်ငန်း	၃၅ ဦး ပြည်တွင်း ၃၄ ဦး	ကနဦး ၅၀ နှစ် နှင့် ၁၀ နှစ် (၂)ကြိမ်

ကုမ္ပဏီအမည်	တည်နေရာ	စုစုပေါင်း မတည်ငွေရင်း		လုပ်ငန်း အမျိုးအစား	လုပ်သား အင်အား	မြေငှားရမ်း ကာလ
		US$ (သန်း)	ကျပ် (သန်း)			
Limited	လှိုင်သာယာ မွေးမြူရေးဇုန်၊ လှိုင်သာယာ မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး				ပြည်ပ ၁ ဦး	သက်တမ်း တိုး
Erdos (Myanmar) Knitwear Company Limited	မြေကွက်အမှတ်-၄၈၆၊၄၈၇၊ မြေတိုင်း ရပ်ကွက်အမှတ်-၂၅၊ ရွှေလင်ပန်း စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၄.၁၁၈		CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း	၉၁၅ ဦး ပြည်တွင်း ၉၀၀ ဦး ပြည်ပ ၁၅ ဦး	ကနဦး ၁၀ နှစ် သက်တမ်း တိုး ၅ နှစ် ၂ ကြိမ်
Hanki International Company Limited	မြေကွက်အမှတ်- ၂၁၊ မြေတိုင်း ရပ်ကွက်အမှတ်- ၁၉/၁၊ ရွှေပေါက်ကံ စက်မှုဇုန်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး		၄၁၈.၀၀	CMP စနစ်ဖြင့် ထီးအမျိုးမျိုးထုတ် လုပ်ခြင်း လုပ်ငန်း	၁၀၀ ဦး ပြည်တွင်း ၁၀၀ ဦး	၁၀ နှစ်
Asahi Fan Garment (Myanmar) Company Limited	မြေကွက်အမှတ်-၂၄၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၂၊ စက်မှုဇုန်၊ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂.၅၀		CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ် လုပ်ခြင်းလုပ်ငန်း	၅၁၅ ဦး ပြည်တွင်း ၅၀၀ ဦး ပြည်ပ ၁၄ ဦး	၁၀ နှစ်
KGG Company Limited	မြေကွက်အမှတ်- ၁/အေ၊ ၁/ ဒီ၊ ၁/အီး၊ မြေတိုင်းရပ်ကွက် အမှတ်စက်မှုဇုန်(၂)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)	၂.၅၉		CMP စနစ်ဖြင့် အဝတ် အထည်ချုပ် လုပ်ခြင်းလုပ်ငန်း	၁,၄၃၇ ဦး ပြည်တွင်း ၁,၄၀၇ ဦး ပြည်ပ	ကနဦး ၁၀ နှစ် (သက်တမ်း တိုး ၅ နှစ်

ကုမ္ပဏီအမည်	တည်နေရာ	စုစုပေါင်း မတည်ငွေရင်း		လုပ်ငန်းအမျိုးအစား	လုပ်သားအင်အား	မြေငှားရမ်းကာလ
		US$ (သန်း)	ကျပ် (သန်း)			
	မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး				၃၀ ဦး	၂ ကြိမ်)
Above & Beyond Company Limited	မြေကွက်အမှတ်-၁၁၆(က/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၂၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး		၈၆၃.၂၂	CMP စနစ်ဖြင့် အဝတ် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း	၃၃၆ ဦး ပြည်တွင်း ၃၃၅ ဦး ပြည်ပ ၁ ဦး	ကနဦး ၁၀ နှစ် (သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်)
New Forest Company Limited	မြေကွက်အမှတ်-၃၇၈၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၅၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၄.၃၃		CMP စနစ်ဖြင့် အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း	၉၈၀ ဦး ပြည်တွင်း ၉၅၀ ဦး ပြည်ပ ၃၀ ဦး	၇ နှစ်
Proven Polyworld Co., Ltd.	မြေကွက်အမှတ် ၁၁၄၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၂၊ စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂.၀၀		ယာဉ်စက်သုံးပလတ်စတစ်ဘက်ထရီအိုးခွံများထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း	၈၆ ဦး ပြည်တွင်း ၈၅ ဦး ပြည်ပ ၁ ဦး	ကနဦး ၄၀ နှစ် နှင့် ၃ နှစ် သက်တမ်းတိုး
Paradiso Cinemas Co., Ltd.	မြေကွက်အမှတ် (၂၁၊၂၂၊၂၃၊၂၄၊ ၂၉၊ ၃၀) ဦးပိုင်အမှတ် (၄၄)၊ ကွင်းအမှတ် (၄၉)၊ လှျပ်စစ်ရပ်ကွင်း၊ အောင်မြေမာန် ရပ်ကွက်၊ ကလေးမြို့နယ်၊	၀.၃၇		ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show)	၁၄ ဦး ပြည်တွင်း ၁၄ ဦး	၁၀ နှစ် (သက်တမ်းတိုး ၅ နှစ် ၁ ကြိမ်)

ကုမ္ပဏီအမည်	တည်နေရာ	စုစုပေါင်း မတည်ငွေရင်း		လုပ်ငန်း အမျိုးအစား	လုပ်သား အင်အား	မြေငှားရမ်း ကာလ
		US$ (သန်း)	ကျပ် (သန်း)			
	ကလေးခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး					
Paradiso Cinemas Co., Ltd.	ဦးပိုင်အမှတ် (က၅/၃ တစ်ပိုင်း)၊ ကွင်းအမှတ် (၂၇၅၃)၊ မင်းရွာကွင်း၊ ကံဖြူကျေးရွာအုပ်စု၊ ရွှေဘိုမြို့နယ်၊ ရွှေဘိုခရိုင်၊စစ်ကိုင်းတိုင်းဒေသကြီး	၀.၃၇		ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show)	၁၄ ဦး ပြည်တွင်း ၁၄ ဦး	၁၀ နှစ်
Paradiso Cinemas Co., Ltd.	ဦးပိုင်အမှတ် (၆၂-က)၊ ကွင်းအမှတ်-၁၇၊ နောင်အင်အနောက်မြောက်ရပ်ကွင်း၊ အေးသာယာရပ်ကွက်၊တောင်ကြီးမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်	၀.၃၇		ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show)	၁၄ ဦး ပြည်တွင်း ၁၄ ဦး	၁၀ နှစ်
Paradiso Cinemas Co., Ltd.	ဦးပိုင်အမှတ်-၁၇၈၊ မြေကွက်အမှတ်-၁၇၉၊ အကွက်အမှတ် -၂၀၊ ညောင်ပင်ထောင်ရပ်၊ ညောင်ပင်ထောင်-အောင်ပန်းရပ်ကွက်၊ ကလောမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်	၀.၃၇		ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသ ခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show)	၁၄ ဦး ပြည်တွင်း ၁၄ ဦး	၁၀ နှစ်

ကုမ္ပဏီအမည်	တည်နေရာ	စုစုပေါင်း မတည်ငွေရင်း		လုပ်ငန်း အမျိုးအစား	လုပ်သား အင်အား	မြေငှားရမ်း ကာလ
		US$ (သန်း)	ကျပ် (သန်း)			
First Fortune International Co., Ltd.	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ စက်မှုဇုန် အပိုင်း (၁) ၁၁၃၊ ပန်းတည်းဝန် ဦးရွှေဘောင် လမ်း၊မြေကွက်အမှတ်- ၁၈၇၊ ၁၈၈၊ ၁၉၄ ရှိ မြေဧရိယာ ၇.၂၄ ဧက (၂၉,၂၉၉.၂၇ စတုရန်းမီတာ)	၂၂.၆၉၂		Fabricating, Installation and Marketing of value added Steel Products and Wire Mesh Products လုပ်ငန်း	၁၂၀ ဦး ပြည်တွင်း ၁၁၉ ဦး ပြည်ပ ၁ ဦး	၅၀ နှစ်

၃။ အဆိုပါ အတည်ပြုလျှောက်ထားလာမှုများအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ အတည်ပြုချက်များ ရရှိထားပြီးဖြစ်သည့်အပြင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ နှင့် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဌာနခွဲများမှလည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ထားပြီး ဖြစ်ပါသည်။

စိစစ်တင်ပြချက်

၄။ အဆိုပါလုပ်ငန်းများအပေါ် အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) အဆိုပြုတင်ပြလာသည့် လုပ်ငန်းပေါင်း (၁၄)ခုမှ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ မှာ အမေရိကန်ဒေါ်လာ ၄၉.၀၀ သန်း နှင့် ကျပ် ၁၂၈၀.၂၂ သန်းရှိပြီး အလုပ် အကိုင် အခွင့်အလမ်းအနေဖြင့် ပြည်တွင်း (၄၇၅၃)ဦး နှင့် ပြည်ပ (၁၀၁)ဦးကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

(ခ) တင်ပြထားသော လုပ်ငန်းများအနက် ရင်းနှီးမြှုပ်နှံမှုဦးစားပေးမြှင့်တင်မည့် ကဏ္ဍ တွင် ပါဝင်သော လုပ်ငန်းများသည် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို ဤကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ တွင် သတ်မှတ်ထားသည့် ဇုန်အမျိုးအစား ပေါ် မူတည်၍ လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

(ဂ) အတည်ပြုတင်ပြချက် (၁၄)ခု အနက် ဇုန်(၃)တွင် ပါဝင်သည့် လုပ်ငန်း (၉)ခု ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဃ) အဆိုပြုလုပ်ငန်း (၁၄)ခုအနက် Paradiso Cinemas Co., Ltd. မှ တင်ပြလာသည့် ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်း လုပ်ငန်း (Construction of Cinemas and Operation of Movies Show) (၄)ခု နှင့် First Fortune International Co., Ltd. မှ တင်ပြလာသည့် Fabricating, Installation and Marketing of value added Steel Products and Wire Mesh Products လုပ်ငန်း တို့သည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် မပါဝင်သဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် ပေးရန် မလိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(င) တင်ပြထားသော လုပ်ငန်းများသည် အတည်ပြုမိန့် ရရှိပြီးပါက သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်များ လျှောက်ထားရန် လိုအပ်ပါသည်။

(စ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့်ဥပဒေရေးရာဌာနခွဲမှ ကော်မရှင် အတည်ပြုမိန့်၊ ဆုံးဖြတ်ချက်(မူကြမ်း)အား ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း စိစစ်ပြီး ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၅။ စက်မှုကဏ္ဍမှ လုပ်ငန်း (၉)ခု နှင့် အခြားဝန်ဆောင်မှုကဏ္ဍမှ လုပ်ငန်း (၅)ခု ဆောင်ရွက်ခွင့် ပြုပါရန် တင်ပြလာခြင်းအပေါ် အတည်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ (ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ/ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာမြို့

စာအမှတ် ၊၃ / ဖ-၂(ဖ)/ (၆၃၉)ရင်းနှီးမြှုပ်နှံ
ရက်စွဲ ၊ ၂၀၁၇ခုနှစ် ၊ မေ လ ၂၃ ရက်

M4-2414 သို့
25.5.17

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

အကြောင်းအရာ။ **သဘောထားပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၀.၃.၂၀၁၇)ရက်စွဲပါ စာအမှတ်၊ မရက ၅(အ)/န-၀၃၅ / ၂၀၁၇ (၁၂၃)

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံMAZE Co,Ltd.မှ ၆၀%နှင့် ပြင်သစ်နိုင်ငံသားMr,Guy Robert EUGENE မှ၄၀% ဖြင့် မြန်မာနိုင်ငံတွင် Paradiso Cinemas Co., တည်ထောင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးခရိုင်၊ကလေးမြို့နယ်၊ အောင်မြေမာန် ရပ်ကွက်၊ ကွင်းအမှတ်(၄၉)၊လျှပ်စစ်ကွင်း၊ဦးပိုင်အမှတ်(၄၄)၊ မြေကွက်အမှတ်၊ (၂၁၊၂၂၊ ၂၃၊၂၄၊ ၂၉၊၃၀)ရှိ မြေဧရိယာ(၀.၅၅၂)ဧက နှင့် ရွှေဘိုခရိုင်၊ရွှေဘိုမြို့နယ်၊ ကံဖြူကျေးရွာအုပ်စု၊ ကွင်းအမှတ်၊ (၂၇၅၃)၊ ကွင်းအမည် မင်းရွာကွင်း၊ ဦးပိုင်အမှတ်(က ၅/၃ တစ်ပိုင်း)ရှိ မြေဧရိယာ(၀.၇၉) ဧကတို့ကိုငှားရမ်း၍ Construction of Cinemas and Operation of Movies Show (ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်း)လုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာပါသဖြင့် သဘောထား ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းစာဖြင့် မေတ္တာရပ်ခံ လာပါသည်။

၂။ မြန်မာနိုင်ငံတွင် Paradiso Cinemas Co., တည်ထောင်ပြီး ကလေးမြို့နှင့် ရွှေဘိုမြို့ တို့တွင် Construction of Cinemas and Operation of Movies Show (ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်း)လုပ်ငန်း အဆိုပြု လျှောက်ထားခြင်းနှင့်ပတ်သက်၍ ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီ နှင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီမှ အောက်ပါအတိုင်း စစ်ဆေး တင်ပြလာပါသည်-

(က) **ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီမှစစ်ဆေးတင်ပြခြင်း**

(၁) နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်း မရှိနိုင်ခြင်း၊

(၂) ဒေသခံများအားအလုပ်အကိုင်အခွင့်အလမ်းအသစ်များကို ဖန်တီး ပေးနိုင်ခြင်း၊

(၃) ဖော်ပြပါမြေနေရာအား စက်ရုံအတွက် သုံးစွဲခြင်းအပေါ် ဒေသခံ များက လူမှုရေး၊စီးပွားရေး၊သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အရ လက်ခံနိုင်မှု ရှိခြင်း၊

(၄) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာအကျယ်အဝန်းရှိခြင်း။

(ခ) **ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီမှစစ်ဆေးတင်ပြခြင်း**

(၁) ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်ခြင်း မရှိပါ ၊

(၂) အဆောက်အဦးဆောက်လုပ်ချိန်တွင် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အနေဖြင့် ရုပ်ရှင်ရုံပြီးစီးပါက လူများပိုမိုစည်ကားလာကာ အနီးရှိ ဈေးဆိုင်ခန်းများတွင် ပိုမိုရောင်းချဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။

(၃) ဖော်ပြပါမြေနေရာအားအဆင့်မြင့်ရုပ်ရှင်ရုံအဖြစ်ဆောင်ရွက်ပြီးပါ က ပြည်သူများ၏ အသိပညာဗဟုသုတများ တိုးပွားလာနိုင်ခြင်း၊ အနီးရှိဈေးဆိုင်များမှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း တို့ကြောင့် ဒေသခံများ လက်ခံနိုင်မှုရှိပါသည်။

(၄) ရုပ်ရှင်ရုံဆောက်လုပ်မည့် မြေနေရာသည် မူလရုပ်ရှင်ရုံ မြေနေရာ ဖြစ်ပြီး (၀.၅၅၂)ဧက ကျယ်ဝန်းကာ အဆိုပြုလုပ်ငန်း ဆောင်ရွက် နိုင်မည့်မြေနေရာဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Paradiso Cinemas Co., တည်ထောင်ပြီး ကလေးမြို့နှင့် ရွှေဘိုမြို့ တို့တွင် Construction of Cinemas and Operation of Movies Show (ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်း နှင့်ရုပ်ရှင်ပြသခြင်း)လုပ်ငန်း အဆိုပြု လျှောက်ထားသည့်နေရာ နှင့် ပတ်သက်၍ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း သဘောထား ပြန်ကြား အပ်ပါသည်။

၂၁.၅.၂၀၁၇

ဝန်ကြီးချုပ်(ကိုယ်စား)

(စိုးဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး)

မိတ္တူကို

တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊မုံရွာမြို့

ခရိုင်စီမံခန့်ခွဲမှုကော်မတီ(ကလေးမြို့/ရွှေဘိုမြို့)

ဦးသိန်းငွေ၊ Paradiso Cinemas Co,Ltd

ရုံးလက်ခံ

မျှောစာတွဲ

ရုံးတံဆိပ်

M4-၀၄၅၉
7.6.17

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

စာအမှတ်၊ ၅၃၃ / ၇ - ၂၁၆ / အစရ(ရှမ်း)
ရက် စွဲ ၊ ၂၀၁၇ခုနှစ်၊ ဇွန်လ ၃ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပေးပို့တင်ပြခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၂၀.၃.၂၀၁၇ရက်စွဲပါစာအမှတ်၊ မရက - ၅(အ)/န-၀၃၆/၂၀၁၇(၁၂၅)

P.1178
7.6.17

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံ MAZE Co.Ltd မှ ၆၀%နှင့် ပြင်သစ်နိုင်ငံသား Mr.Guy Robert EUGENE မှ၄၀%ဖြင့် မြန်မာနိုင်ငံတွင် Paradiso Cinemas Co.Ltd တည်ထောင်ပြီး တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ အေးသာယာရပ်ကွက်၊ ကွင်းအမှတ်-၁၇၊ ဦးပိုင်အမှတ်(၆၂-က)၊ နောင်အင် အနောက်မြောက်ရပ်ကွင်းရှိ မြေဧရိယာ ၁.၀၀ဧကကို ငှားရမ်း၍ Construction of Cinemas and Operation of Movies Show (ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်း)လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် Paradiso Cinemas Co.Ltd မှ အဆိုပြု တင်ပြလာခြင်းအပေါ် အောက်ပါအချက်များနှင့် ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြား ပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက်ခြင်းရှိ/မရှိ။

(ခ) မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူဖြစ်/မဖြစ်။

(ဂ) ဖော်ပြပါမြေနေရာအား အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိ/မရှိ။

(ဃ) လုပ်ငန်းဆောင်ရွက်မည့် မြေနေရာ ဟုတ်-မဟုတ်။

(င) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သုံးသပ်အကြံပြုချက်။

၂။ အပိုဒ်(၁)ပါအချက်များနှင့်ပတ်သက်၍ တောင်ကြီးခရိုင်စီမံခန့်ခွဲမှုကော်မတီမှ အောက်ပါ အတိုင်း စိစစ်တင်ပြလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း၊

(ခ) စီမံကိန်းဆောင်ရွက်မည့်နေရာသည် အေးသာယာမြို့ အချက်အခြာကျသော နေရာ

ဖြစ်သဖြင့် မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ပါကြောင်း၊

(ဂ) အေးသာယာ-တောင်ကြီးမှန်ဦးအဝင် ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိပြီး ဖော်ပြပါမြေနေရာအား အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါကြောင်း၊

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်မည့် မြေနေရာဖြစ်ပါကြောင်း၊

၃။ သို့ဖြစ်ပါ၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံ MAZE Co.Ltd မှ ၆၀%နှင့် ပြင်သစ်နိုင်ငံသား Mr.Guy Robert EUGENE မှ၄၀%ဖြင့် မြန်မာနိုင်ငံတွင် Paradiso Cinemas Co.Ltd တည်ထောင်ပြီး Construction of Cinemas and Operation of Movies Show (ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်း)လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် Paradiso Cinemas Co.Ltd မှ အဆိုပြု တင်ပြလာခြင်းနှင့်ပတ်သက်၍ ၃၁.၅.၂၀၁၇ ရက်တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၅-၅/၂၀၁၇) ဆုံးဖြတ်ချက် အပိုဒ်၅(ပ)အရ ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုမည်ဆိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကန့်ကွက်ရန် မရှိကြောင်း တင်ပြအပ်ပါသည်။

ပြည်နယ်ဝန်ကြီးချုပ်(၈၁)
(စိုးညွန့်လွင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး)

မိတ္တူကို

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့
Paradiso Cinemas Co.Ltd
လက်ခံစာတွဲ
မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

စာအမှတ်၊ ၁၅၇၉/ ၇ - ၂၁၆ / အစရ(ရှမ်း)
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ မေလ ၁၉ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

M4-0416
26.5.17

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပေးပို့တင်ပြခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၄.၃.၂၀၁၇ ရက်စွဲပါ စာအမှတ်၊ မရက-၅(အ)/န-၀၃၁/၂၀၁၇(၁၀၂)

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံ MAZE Co.Ltd မှ ၆၀%နှင့် ပြင်သစ်နိုင်ငံသား Mr.Guy Robert EUGENE မှ၄၀%ဖြင့် မြန်မာနိုင်ငံတွင် Paradiso Cinemas Co.Ltd တည်ထောင်ပြီး တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ညောင်ပင်ထောင်- အောင်ပန်းရပ်ကွက်၊ ညောင်ပင်ထောင်ရပ်၊ အကွက်အမှတ်-၂၀၊ ဦးပိုင်အမှတ်-၁၇၈၊ မြေကွက်အမှတ်-၁၇၉ရှိ မြေဧရိယာ ၀.၂၇၃ ဧကကို ငှားရမ်း၍ Cinema Construction and Operation of Movies Show (ရုပ်ရှင်ရုံဆောက်ခြင်းနှင့် ရုပ်ရှင် ပြသခြင်း)လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် Paradiso Cinemas Co.Ltd မှ အဆိုပြု တင်ပြလာခြင်း အပေါ်အောက်ပါအချက်များနှင့်ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းရှိ/မရှိ။

(ခ) မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်/မဖြစ်။

(ဂ) ဖော်ပြပါမြေနေရာအား အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိ/မရှိ။

(ဃ) လုပ်ငန်းဆောင်ရွက်မည့် မြေနေရာ ဟုတ်-မဟုတ်။

(င) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သုံးသပ်အကြံပြုချက်။

၂။ အပိုဒ်(၁)ပါအချက်များနှင့်ပတ်သက်၍ တောင်ကြီးခရိုင်စီမံခန့်ခွဲမှုကော်မတီမှ အောက်ပါအတိုင်း စိစစ်တင်ပြလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း၊

(ခ) မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ပါကြောင်း၊ ဒေသခံများအတွက် မြို့ပြဖျော်ဖြေရေး ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းသစ်တစ်ခုပေါ်ပေါက်လာသည့်အတွက် မြို့နယ်၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါကြောင်း၊

(ဂ) အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများ အပန်းဖြေနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံမှုရှိပါကြောင်း၊

(ဃ) လျှောက်ထားမြေနေရာသည် ဒေါ်နန်းသန်းထွေးအမည်ပေါက် နှစ်(၃၀) ဂရန်မြေဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မည့် ဦးကိုကိုဇေယျာဖြိုးအား ၂ ဦးသဘောတူကတိစာချုပ်ဖြင့် ငှားရမ်းဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊

၃။ သို့ဖြစ်ပါ၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံ MAZE Co.Ltd မှ ၆၀%နှင့် ပြင်သစ်နိုင်ငံသား Mr.Guy Robert EUGENE မှ၄၀%ဖြင့် မြန်မာနိုင်ငံတွင် Paradiso Cinemas Co.Ltd မှ Cinema Construction and Operation of Movies Show (ရုပ်ရှင်ရုံဆောက်ခြင်းနှင့် ရုပ်ရှင် ပြသခြင်း)လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြလာခြင်းနှင့်ပတ်သက်၍ ၁၆.၅.၂၀၁၇ ရက် တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေး အမှတ်စဉ်(၃-၅/၂၀၁၇) ဆုံးဖြတ်ချက်အပိုဒ်၅(ဠ)အရ ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဆိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါသည်။

17-5-17

ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား)
(စိုင်းရှဲန်တစ်လုံး ၊ ဘဏ္ဍာရေးဝန်ကြီး)

မိတ္တူကို

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့
Paradiso Cinemas Co.Ltd
လက်ခံစာတွဲ
မျှောစာတွဲ

အကြောင်းအရာ။ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုမိန့် ထုတ်ပေးခွင့် ပြုပါရန် တင်ပြခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/ ရင်းနှီးမြှုပ်နှံသူ ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဍာန်	- KGG Company Limited - Mr. Lin Wen (တရုတ်လူမျိုး) - ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု - Jiangsu Golden Island International Co., Ltd. (တရုတ်) ၉၀% - Nanjing Golden Island Garments Co., Ltd. (တရုတ်) ၁၀%	- Above & Beyond Company Limited - ဒေါ်မြင့်မြင့်အေး (မြန်မာ) - မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု - ဒေါ်မြင့်မြင့်အေး (မြန်မာ) ၄၅% - ဒေါ်မြင့်မြင့်စန်း (မြန်မာ) ၁၅% - ဦးကျော်ကျော်ဦး (မြန်မာ) ၁၅% - ဒေါ်ဖြူနှင်းဦး (မြန်မာ) ၁၅% - ဦးလှတင် (မြန်မာ) ၅% - ဦးဗိုလ်ဗိုလ်နိုင် (မြန်မာ) ၅%	- New Forest Company Limited - Mr. Zhou, Xian (Chinese) - ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - Anhui Xinlin Import and Export Trade (Group)Co.,Ltd. ၉၈% - Mr. Zhou, Xin ၁ % - Ms, Jin Yuping ၁ %
	လုပ်ငန်းအမျိုးအစား	-CMP စနစ်ဖြင့် အဝတ်အထည် ချုပ်လုပ်ခြင်းလုပ်ငန်း	- CMP စနစ်ဖြင့် အဝတ်အထည် ချုပ်လုပ်ခြင်းလုပ်ငန်း	- CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ် - ၁/အေ၊ ၁/ ဒီ၊ ၁/အီး၊ မြေတိုင်းရပ်ကွက် အမှတ်- စက်မှုဇုန်(၂)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	- မြေကွက်အမှတ် - ၁၁၆(က/ခ)၊ မြေတိုင်းရပ်ကွက် အမှတ်- ၄၂၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး	- မြေကွက်အမှတ်-၃၇၈၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၅၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။	မြေပိုင်ရှင် မြေအကျယ်အဝန်း မြေ/အဆောက်အအုံ ငှားရမ်းခ မြေ/အဆောက်အအုံ ငှားရမ်း/ အသုံးပြုခွင့်သက်တမ်း	- ဦးအိုက်ကြီး(ခ) ဦးစိုးဟန်၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်မိုးမိုးအောင် - ၆.၀၂၈ ဧက (၂၄,၃၉၄.၄၇၂ စတုရန်းမီတာ) - စုစုပေါင်း ၁ နှစ်လျှင် ကျပ် ၄၈၈,၄၀၀,၀၀၀ (၁ နှစ် ၁ စတုရန်း မီတာ ကျပ် ၂၀,၀၂၁ နှုန်း) - ကနဦး ၁၀ နှစ် (သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်)	- ဦးဌေးဦး၊ ဦးတင်ဦး၊ ဦးမျိုးဦး - ၁.၂၀၁ ဧက (၄,၈၆၀.၂၇၈ စတုရန်းမီတာ) - စုစုပေါင်း ၁ နှစ်လျှင် ကျပ် ၆၀,၀၀၀,၀၀၀ (၁ နှစ် ၁ စတုရန်းမီတာ ကျပ် ၁၂,၃၄၄.၉၇ နှုန်း) - ကနဦး ၁၀ နှစ် (သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်)	- ဒေါ်ပိုးမြင့်(ခ)ဒေါ်စန်းစန်း - ၁.၅၁ ဧက (၆၁၁၀.၇၅ စတုရန်းမီတာ) - အမေရိကန်ဒေါ်လာ ၃၆၀၀၀ - တစ်နှစ်လျှင် တစ်စတုရန်းမီတာအတွက် အမေရိကန်ဒေါ်လာ ၅.၉နှုန်း - ၇ နှစ်
၄။	ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် သက်တမ်း	- ၂၀ နှစ်	- ၂၀ နှစ်	- ၂၀ နှစ်
၅။	တည်ဆောက်မှုကာလ/ ပြင်ဆင်မှုကာလ	- ၁၈ လ	- ၁ နှစ်	- ၁၈ လ

၆။	စုစုပေါင်းမတည်ငွေရင်း ထည့်ဝင်သည့်အမျိုးအစား (က) ပြည်တွင်းမှ ထည့်ဝင် သည့် မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း (ခ) နိုင်ငံခြားမှ ယူဆောင် လာမည့် မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း စုစုပေါင်း	- US$ (သန်း) - ၂.၅၉ / ၁၀၀% ၂.၅၉	- ကျပ် (သန်း) ၈၆၃.၂၂ / ၁၀၀% - ၈၆၃.၂၂	US$ (သန်းပေါင်း) - ၄.၃၃ ၄.၃၃
၇။	အခြားတင်ပြချက်	- ပထမနှစ်အတွက် ဝန်ထမ်းအင်အား စုစုပေါင်း ၁,၄၃၇ ဦး ဖြစ်ပြီး ပြည်တွင်းမှ ၁,၄၀၇ ဦး (ပြည်တွင်း အနိမ့်ဆုံး ဝန်ထမ်း တစ်ဦး၏လစာမှာ ကျပ် ၁၂၀,၀၀၀ နှင့် အမြင့် ဆုံးဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၅၀၀,၀၀၀ ဖြစ်ပါ သည်။) နှင့် ပြည်ပမှ ၃၀ ဦး (ပြည်ပအနိမ့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာမှာ US$ ၅၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာမှာ US$ ၁,၀၀၀ ဖြစ်ပါသည်။) - ပြည်ပမှ စက်ပစ္စည်းများတန်ဖိုး အမေရိကန် ဒေါ်လာ ၁.၉၈ သန်း တင်သွင်းမည်ဖြစ်ကြောင်း တင်ပြထား ပါသည်။	- ပထမနှစ်အတွက် ဝန်ထမ်းအင်အား စုစုပေါင်း ၃၃၆ ဦး ဖြစ်ပြီး ပြည်တွင်းမှ ၃၃၅ ဦး (ပြည်တွင်းအနိမ့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၁၂၅,၀၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၅၀၀,၀၀၀ ဖြစ်ပါသည်။) နှင့် ပြည်ပမှ ၁ ဦး (ပြည်ပ ဝန်ထမ်း တစ်ဦး၏ လစာမှာ US$ ၁,၀၀၀ ဖြစ်ပါသည်။) - ပြည်ပမှ စက်ပစ္စည်းများတန်ဖိုး အမေရိကန်ဒေါ်လာ ၀.၅၈ သန်း တင်သွင်းမည် ဖြစ်ကြောင်း တင်ပြထား ပါသည်။	- ပထမနှစ်အတွက် ဝန်ထမ်းအင်အား စုစုပေါင်း ၉၈၀ ဦး ဖြစ်ပြီး ပြည်တွင်းမှ ၉၅၀ ဦး (ပြည်တွင်း အနိမ့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၁၂၀,၀၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၅၀၀,၀၀၀ ဖြစ်ပါသည်။) နှင့် ပြည်ပမှ ၃၀ ဦး (ပြည်ပ အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၄၀၀ နှင့် အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၁,၀၀၀ ဖြစ်ပါသည်။) - ပြည်ပမှ US$ ၃.၈၇ သန်း ရှိ စက်ပစ္စည်းများ တင်သွင်း မည် ဖြစ်ကြောင်း တင်ပြထားပါသည်။ -

		- အထည်အမျိုးအစား ၁၁ မျိုး ထုတ်လုပ်မည်ဖြစ်ပြီး ထုတ်လုပ်မှု အရေအတွက် နှင့် CMP လက်ခနှုန်းများအား ထုတ်လုပ်မှုအမျိုးအစားဓါတ်ပုံများနှင့်အတူ တင်ပြထား ပါသည်။ - တရုတ်ပြည်သူ့သမ္မတနိုင်ငံ Golden Island Group Co., Ltd. နှင့် KGG Company Limit တို့အကြား ချုပ်ဆိုမည့် CMP Contract မူကြမ်းအား တင်ပြထားပါသည်။ - KGG Company Limited အမည်ဖြင့် ကုမ္ပဏီရေးရာဌာနခွဲတွင် အမည်စစ်ထားသည့် အထောက်အထား၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ နိုင်ငံကူးလက်မှတ် မိတ္တူများအား တင်ပြထားပါသည်။ - ငွေကြေးအထောက်အထားအဖြစ် Jiangsu Golden Island International Co., Ltd. သည် Bank of Nanjing တွင် ၂၀-၁၂-၂၀၁၆ ရက်စွဲဖြင့် ငွေကြေးခိုင်မာမှုရှိကြောင်းအထောက်အထားနှင့် Nanjing Golden Island Garments Co., Ltd. သည် Bank of Communications တွင် ၁၉-၁၂-၂၀၁၆ ရက်စွဲဖြင့် CNY ၁,၀၉၆,၄၀၈.၈၉ (အမေရိကန် ဒေါ်လာ ၁၆၀,၅၄၇.၁၅) ရှိကြောင်း အထောက်အထားများ တင်ပြ ထားပါသည်။	- အထည်အမျိုးအစား ၁၀ မျိုး ထုတ်လုပ်မည်ဖြစ်ပြီး ထုတ်လုပ်မှု အရေအတွက် နှင့် CMP လက်ခနှုန်းများအား ထုတ်လုပ်မှုအမျိုးအစားဓါတ်ပုံများနှင့်အတူ တင်ပြထား ပါ သည်။ - တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Mary Land Co., Ltd. နှင့် Above & Beyond Company Limited တို့အကြား ချုပ်ဆိုမည့် Processing Agreement (မူကြမ်း)အား တင်ပြ ထားပါသည်။ - Above & Beyond Company Limited အမည်ဖြင့် ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် ၁၄၆၀/၂၀၁၅-၂၀၁၆(ရက) ၁၀-၈-၂၀၁၅ ရက်စွဲဖြင့် မှတ်ပုံတင်ထားသည့် အထောက် အထား၊ သင်းဖွဲ့ မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း၊ ဒါရိုက်တာ အဖွဲ့ဝင်များ၏ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူများအား တင်ပြထားပါသည်။ - ငွေကြေး အထောက်အထားအဖြစ် ဒေါ်မြင့်မြင့်အေးနှင့် ဒေါ်မြင့်မြင့်စန်း တို့သည် CB Bank တွင် ၃၁-၅-၂၀၁၇ ရက်စွဲဖြင့် ကျပ် ၈၆,၈၈၂,၁၇၄.၆၀ ရှိကြောင်း အထောက်အထား တင်ပြ ထားပါသည်။	- တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xing Jiu Fang Co.,Ltd. နှင့် New Forest Company Limited တို့ချုပ်ဆိုထားသည့် CMP Contract တင်ပြထားပါသည်။ - ကုမ္ပဏီရေးရာဌာနခွဲ တွင်အမည်စစ်ထားသည့် အထောက် အထား၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း၊ ဒါရိုက်တာအဖွဲ့ ဝင်များ၏ နိုင်ငံကူးလက်မှတ် မိတ္တူများအား တင်ပြထား ပါသည်။ - ဟောင်ကောင်တွင် Anhui Xinlin International Trade Company Limited သည် Wei Shan Bank တွင် ၃-၁-၂၀၁၇ ရက်စွဲဖြင့် ယွမ် ၆,၀၇၅,၈၈၄.၃၀ (US$ ၁,၀၁၂,၆၄၇.၃၈) ရှိကြောင်း အထောက်အထားများအား တင်ပြ ထားပါသည်။

၈။	စိစစ်တင်ပြချက်	- ကုန်ကြမ်းပစ္စည်းများအား China, Japan, Korea, UK, EU, US, Mongolia, Turkey, Sri Lanka နှင့် Russia တို့မှ တင်သွင်းမည်ဖြစ်ပြီး ထွက်ရှိလာသော ကုန်ချော ပစ္စည်းများအား ၎င်းနိုင်ငံများသို့ ၁၀၀% ပြန်လည်တင်ပို့ မည်ဖြစ်ပါသည်။ - အဆိုပြုလုပ်ငန်းသည် ISIC Code. 1411 တွင် အကျုံးဝင်ပါသည်။ - အဆိုပြုလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှု ဦးစားပေးမြှင့်တင်မည့် ကဏ္ဍတွင် ပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်မှုဇုန် အမျိုးအစား သတ်မှတ်ရာ ဇုန်(၃)တွင် ပါဝင်သဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့် ၃ နှစ် ခံစားခွင့် လျှောက်ထားနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။	- ကုန်ကြမ်း ပစ္စည်းများအား China, Japan, Korea, Europe တို့မှ တင်သွင်းမည်ဖြစ်ပြီး ထွက်ရှိလာသော ကုန်ချော ပစ္စည်း များအား ၎င်းနိုင်ငံများသို့ ၁၀၀% ပြန်လည်တင်ပို့ မည်ဖြစ် ပါသည်။ - အဆိုပြုလုပ်ငန်းသည် ISIC Code. 1411 တွင် အကျုံးဝင်ပါသည်။ - အဆိုပြုလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှု ဦးစားပေးမြှင့်တင်မည့် ကဏ္ဍတွင် ပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်မှုဇုန် အမျိုးအစား သတ်မှတ်ရာ ဇုန်(၃)တွင် ပါဝင်သဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့် ၃ နှစ် ခံစားခွင့် လျှောက်ထားနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။	- ကုန်ကြမ်းပစ္စည်းများအား ဂျပန်နိုင်ငံမှ တင်သွင်းမည် ဖြစ်ပြီးကုန်ချောအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၀၀% တင် ပို့ရောင်းချမည် ဖြစ်ပါသည်။ - အဆိုပြုလုပ်ငန်းသည် ISIC Code. 1411 တွင် အကျုံးဝင်ပါသည်။ - အဆိုပြုလုပ်ငန်းသည် ရင်းနှီးမြှုပ်နှံမှု ဦးစားပေး မြှင့်တင်မည့် ကဏ္ဍတွင် ပါဝင်ပြီး ဖွံ့ဖြိုးတိုး တက်မှုဇုန် အမျိုးအစား သတ်မှတ်ရာ ဇုန်(၃) တွင် ပါဝင်သဖြင့် ဝင်ငွေခွန် ကင်းလွတ်ခွင့် ၃ နှစ် ခံစားခွင့် လျှောက်ထားနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်
ရင်းနှီးမြှုပ်နှံသူ၏ အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန် လ ၊ ၁ ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ၃၇ နှင့်အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် — ဒေါ်မြင့်မြင့်အေး

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် — ၁၄၆၁ / ၂၀၁၅- ၂၀၁၆ ; ၁၂/လသန(နိုင်)၀၀၃၅၀၅

(ဂ) နိုင်ငံသား — မြန်မာနိုင်ငံ

(ဃ) နေရပ်လိပ်စာ/ မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ — အမှတ်-၁၂၇၊ ၃ လွှာ ၊ ၁၅လမ်း ၊ရပ်ကွက်(၇)၊ လမ်းမတော်မြို့နယ်၊ရန်ကုန်။

(င) တယ်လီဖုန်း/ ဖက်စ်/ အီးမေးလ်လိပ်စာ — 09 - 5159283

(စ) လုပ်ငန်းအမျိုးအစား (အသေးစိတ်ဖော်ပြပေးရန်) — CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း

မှတ်ချက်။ အောက်ပါအချက်များကိုပူးတွဲတင်ပြရန်-
(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ
(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏-

(က) အမည် — ဒေါ်ခင်မေထွေး

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် (လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက) — ဒေါ်ခင်မေထွေး

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် — ၁၃/လရန(နိုင်) ၁၇၉၂၉၀

(ဃ) နိုင်ငံသား — မြန်မာ

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ — အမှတ် (၃၇ အေ)၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

(စ) တယ်လီဖုန်း/ ဖက်စ် — ၀၉၂၆၀၆၅၈၄၈

(ဆ) အီးမေးလိပ်စာ htway.961025@gmail.com, clientrelations@fine9myanmar.com

မှတ်ချက်။ တရားဝင်ကိုယ်စားလှယ်လွှဲစာပူးတွဲတင်ပြရန်

၃။ ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဍာန်

(√) ရာခိုင်နှုန်းပြည့် ( ) ဖက်စပ်ပြုလုပ်ခြင်း(ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)

( ) အခြားသဘောတူညီချက်ပုံစံတစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း(စာချုပ်မူကြမ်းတင်ပြရန်)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ၁၀၀%

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ၀%

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ၀%

၄။ အစုရှယ်ယာ ၁၀%နှုန်းနှင့်အထက်ပိုင်ဆိုင်သောအစုရှယ်ယာရှင်များစာရင်း

စဉ်	အစုရှယ်ယာရှင်အမည်	နိုင်ငံသား	အစုရှယ်ယာပိုင်ဆိုင်မှု%
၁။	ဒေါ်မြင့်မြင့်အေး	မြန်မာနိုင်ငံ	၄၅%
၂။	ဒေါ်မြင့်မြင့်စန်း	မြန်မာနိုင်ငံ	၁၅%
၃။	ဦးကျော်ကျော်ဦး	မြန်မာနိုင်ငံ	၁၅%
၄။	ဒေါ်ဖြူနှင်းဦး	မြန်မာနိုင်ငံ	၁၅%
၅။	ဦးလှတင်	မြန်မာနိုင်ငံ	၅%
၆။	ဦးဗိုလ်ဗိုလ်နိုင်	မြန်မာနိုင်ငံ	၅%

၅။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့်သက်ဆိုင်သောအချက်အလက်များ

(က) ခွင့်ပြုမတည်ငွေရင်း ၃,၀၀၀,၀၀၀,၀၀၀

(ခ) အစုရှယ်ယာအမျိုးအစား ရိုးရိုးရှယ်ယာ

(ဂ) အစုရှယ်ယာဝင်များကထည့်ဝင်မည့်အစုရှယ်ယာပမာဏ ၃၀၀,၀၀၀

မှတ်ချက်။ သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း ပူးတွဲတင်ပြရန်

၆။ မတည်ငွေရင်းနှင့်သက်ဆိုင်သည့်အချက်အလက်များ

	ကျပ်/MMK(သန်းပေါင်း)
(က) ပြည်တွင်းမှထည့်ဝင်သည့်မတည်ငွေရင်း	၁၀၀% (၈၆၃.၂၂)
ပမာဏ/ ရာခိုင်နှုန်း	
(ခ) နိုင်ငံခြားမှယူဆောင်လာသည့်မတည်ငွေရင်း	-
ပမာဏ/ ရာခိုင်နှုန်း	
စုစုပေါင်း	၁၀၀% (၈၆၃.၂၂)

ပြည်တွင်းမှထည့်ဝင်မည့် မတည်ငွေရင်း၏ အသေးစိတ်	ကျပ်(သန်းပေါင်း)
(က) ငွေပမာဏ	၅၀.၀၀
(ခ) ပြည်ပမှတင်သွင်းမည့်စက်ပစ္စည်းများတန်ဖိုးပမာဏ	၇၀၅.၉၆
(ဂ) ပြည်တွင်းမှဝယ်ယူမည့်စက်ပစ္စည်းများတန်ဖိုးပမာဏ	၈၅.၂၆
(ဃ) ပြည်တွင်းမှဝယ်ယူမည့်ရုံးသုံးကိရိယာများတန်ဖိုးပမာဏ	၂၂.၀၀
စုစုပေါင်း	၈၆၃.၂၂

၇။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် သက်တမ်း ၂၀ နှစ်

၈။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ(များ)/တည်နေရာ အမှတ် - ၁၁၆(အေ၁ဘီ)စက်မှု ၁၀ လမ်း၊ စက်မှုဇုန်(၁)၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်။

(ခ) ရင်းနှီးမြှုပ်နှံမှုတန်ဖိုး/ပမာဏ ၈၆၃.၂၂ (ကျပ်သန်း)

၉။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်စသည်တို့ ရရှိပြီးပါက ပူးတွဲတင်ပြရန်။

၁၀။ လုပ်ငန်းစတင်ဆောင်ရွက်နေခြင်း ( ) ရှိ၊ (√) မရှိ

ရှိပါကလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ဖော်ပြပေးရန်

....

၁၁။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ အောက်ဖော်ပြပါ လျှောက်ထားလွှာများကို တင်ပြလျှောက်ထားခြင်းရှိ/မရှိ ဖော်ပြရန်။

(√) မြေအသုံးပြုခွင့်လျှောက်ထားလွှာ

(√) အခွန်ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

ကတိဝန်ခံချက်

အထက်အကြောင်းအရာပါ လျှောက်ထားသူမှပေးအပ်သည့် အချက်အလက်များအားလုံးသည် မှန်ကန်မှု ရှိပါကြောင်းအာမခံပါသည်။

ဤအတည်ပြု လျှောက်ထားလွှာတွင် အတည်ပြုမိန့် ထုတ်ပေးရန်အတွက် ကော်မရှင်မှ စိစစ်ရာ၌ လိုအပ်သည့် အချက်အလက်များကို လျှောက်ထားသူကပေးအပ်ရန် ပျက်ကွက်ပါက အတည်ပြု လျှောက်ထားလွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စိစစ်ရာ၌ မလိုလားအပ်သည့် နှောင့်နှေး ကြန့်ကြာခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ကောင်းစွာသဘောပေါက်နားလည်ပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ချမှတ်မည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။



လျှောက်ထားသူလက်မှတ်

အမည် ဒေါ်မြင့်မြင့်အေး

ရာထူး ဥက္ကဋ္ဌ

ဌာန/ကုမ္ပဏီတံဆိပ် (အတိုင်းထက်အလွန် ကုမ္ပဏီလီမိတက်)

Endorsement Application Form for the investment to be made

in the Republic of the Union of Myanmar

To,

Chairman

Myanmar Investor Commission

Reference No.

Date. 1 Jun, 2017

I do apply for the endorsement in accordance with the Section 37 of the Myanmar Investment Law by furnishing the following particulars:

1. The Investor's :-
   (a) Name : Daw Myint Myint Aye
   (b) Company Registration No/ : 1461/2015-2016
   ID No/National Registration Card No/ Passport : 12/La Tha Na (N) 003505
   (c) Citizenship : Myanmar
   (d) Address/Address of Registered Office : 3rd Floor, No.127, 15th Street, No.7 Ward, Lanmadaw Township, Yangon.
   (e) Phone/Fax/E – mail : 095159283
   (f) Type of Business (to describe in detail) : Manufacturing of Garment on CMP Basis

   Note: The following documents need to be attached according to the above paragraph(1) :-

   (1) Company Registration Certificate (copy);
   (2) ID No/National Registration Card (copy) and Passport (copy);
2. If the investor don't apply for endorsement by himself/herself, the applicant:
   (a) Name : Daw Khin May Htway

   (b) Name of contact person (if applicant is business organization) : Daw Khin May Htway

   Note: describe with attachment of letter of legal representative

   (c) ID No./National Registration Card No. /Passport No. : 13/La Ra Na (N) 179290
   (d) Citizenship : Myanmar
   (e) Address in Myanmar : No. (37A), Yankin Street, Sanchaung Township, Yangon.

   (f) Phone/Fax : 09260658484

(g) E –mail : htway.961025@gmail.com, clientrelations@fine9myanmar.com

3. Type of business organization to be formed:-

(√) One Hundred Percent ( ) Joint Venture (To attach the draft of JV agreement)

( ) Type of Contractual Basis (To attach draft contract /agreement)

Share Ratio (Local) 100%

Share Ratio (Government Department /Organization) 0%

Share Ratio (Foreigner) 0%

4. List of Shareholders Owned 10%of the Share and Above

No	Name of Shareholder	Citizenship	Share Percentage
1	Daw Myint Myint Aye	Myanmar	45%
2	Daw Myint Myint San	Myanmar	15%
3	U Kyaw Kyaw Oo	Myanmar	15%
4	Daw Phyu Hnin Oo	Myanmar	15%
5	U Hla Tin	Myanmar	5%
6	U Bo Bo Naing	Myanmar	5%

5. Particulars of Company Incorporation

(a) Authorized Capital 3,000,000,000 MMK

(b) Type of Share Ordinary Share

(c) Number of Shares 300,000 Shares

Note: Memorandum of Association and Articles of Association of the Company shall be submitted with regard to above paragraph 5.

6. Particulars of Paid-up Capital of the Investment

	Kyat/MMK (Million)	
(a) Amount/Percentage of local capital to be contributed	100%	(863.22)
(b) Amount/Percentage of foreign capital to be brought in	-	
Total	100%	(863.22)

Detail list of local capital-

	MMK (Million)
(a) Currency	50.00
(b) Value of Machinery (To be imported)	705.96
(c) Value of Machinery (Local purchase)	85.26
(d) Office Equipment (Local purchase)	22.00
Total	863.22

7. Investment Period 20 Years

8.. Particulars of the Investment Project-

(a) Investment location(s)/place (s) : Plot No.116 (A-B), Setthmu 10th Street, Industrial Zone (1), Shwe Pyi Thar Township, Yangon, Myanmar.

(b) Amount of Investment : 863.22 Million (MMK)

9. The license, Permit, Permission, and etc: of the relevant organizations shall be attached if they are received.

10. Commencement of Business ( )Yes (√) No

11. If it is commenced, describe the performance of business activities;

Describe whether other applications are being submitted together with the Endorsement Form or not:

(√) Land Rights Authorization Application
(√) Tax Incentive Application

Undertaking

I/We hereby declare that the above statements are true and correct to the best of my/our knowledge and belief.

I/We fully understand that endorsement application may be denied or unnecessarily delayed if applicant fails to provide required information to access by Commission for issuance of endorsement.

I/We hereby declare to strictly comply with terms and conditions set out by the Myanmar Investment Commission.



Signature of the applicant

Name : Daw Myint Myint Aye
Title : Chairman
Department/Company: Above & Beyond Co., Ltd
(Seal/Stamp)
Date: 1 Jun, 2017

Above & Beyond Co.,Ltd
Investment Plan

(MMK'000)

No	Particular	US$'000	MMK'000	Total
1	Cash		50,000	50,000
2	Machinery List (To Be Imported)	588.30		705,960
3	Machinery List (Local Purchase)		85,260	85,260
4	Office Equipment (Local Purchase)		22,000	22,000
	Total	**588.30**	**157,260.00**	**863,220**

Depreciation/ Amortization (15%)

1	Machinery List (To Be Imported)	105,894
2	Machinery List (Local Purchase)	12,789
3	Office Equipment (Local Purchase)	3,300
	Total	**121,983**

Above & Beyond Co.,Ltd

Raw Material Requirement for 1pc(Norm)

No	Particular	Unit	T-Shirt	Polo Shirt	Pants	Hoodie	Jacket	Rain Coat	Ladies Wear	Kids Wear	Pyjamas	Shirt
1	Fabrics	Yd	0.43	1.54	1.4	1.8	2.1	2.62	1.53	0.9	1.5	1.6
2	Interlining/ Interlining Tape	Yds	0.1		0.2	0.3	1.6	2.62	0.76	0.7	1.4	0.3
3	Sewing Thread (1000 Meter)	Coil	0.1		0.18667	0.3	0.32	0.5	2.2	0.18	0.12	0.11667
4	Drawcord	Meter			0.6	0.6		1		1		
5	Cord	Meter									1.3	
6	Elastic Band/ String	Meter									1.5	
7	Seam Tape	Meter						6	3	3	2	
8	Woven Label (Main, Size , Care)	Pcs	3	2	3	2	3	7	1	3	3	3
9	Stoper(resin/metal etc)	Pcs								1	2	
10	Button	Pcs		2	2		5			8	4	13
11	Badge(resin/metal etc)	Pcs								2	2	
12	Buckle(resin/metal etc)	Pcs								1	1	
13	Eyelet(metal)	Pcs								4		
14	Ring/Clip(metal)	Pcs								2	2	
15	Rivet(metal)	Pcs								6	6	
16	Zipper	Pcs			1	1	2	6	1	5	4	
17	Shoulder pad	Pcs								1	1	
18	Embroidery patch	Pcs								4	4	
19	Hanger	Pcs	1	1	1	1	1	1	1	1	1	1
20	Tag	Pcs	1	1	1	1	1	4	1	1	1	1
21	Size Clip	Pcs		1	1	1	1	1	1	1	1	1
22	Plastic bag	Pcs	1	1	1	1	1	1	1	1	1	1
23	Sticker	Pcs	1	1	1	1	1	1	1	1	1	1
24	Ribbon Tape	Cm	0.5	0.65			0.65					0.65

Above & Beyond Co.,Ltd

Annual Raw Material Requirement

No	Particular	Unit	Year - 1	Year - 2	Year -3	Year -4	Year -5	Year -6-10
1	Fabrics	Yd	718,900	754,845	792,587	832,217	873,827	917,519
2	Interlining/ Interlining Tape	Yds	360,900	378,945	397,892	417,787	438,676	460,610
3	Sewing Thread (1000 Meter)	Coil	213,584	224,263	235,476	247,250	259,612	272,593
4	Drawcord	Meter	154,000	161,700	169,785	178,274	187,188	196,547
5	Cord	Meter	58,500	61,425	64,496	67,721	71,107	74,662
6	Elastic Band/ String	Meter	67,500	70,875	74,419	78,140	82,047	86,149
7	Seam Tape	Meter	690,000	724,500	760,725	798,761	838,699	880,634
8	Woven Label (Main, Size	Pcs	1,420,000	1,491,000	1,565,550	1,643,828	1,726,019	1,812,320
9	Stoper(resin/metal etc)	Pcs	150,000	157,500	165,375	173,644	182,326	191,442
10	Button	Pcs	1,645,000	1,727,250	1,813,613	1,904,293	1,999,508	2,099,483
11	Badge(resin/metal etc)	Pcs	210,000	220,500	231,525	243,101	255,256	268,019
12	Buckle(resin/metal etc)	Pcs	105,000	110,250	115,763	121,551	127,628	134,010
13	Eyelet(metal)	Pcs	240,000	252,000	264,600	277,830	291,722	306,308
14	Ring/Clip(metal)	Pcs	210,000	220,500	231,525	243,101	255,256	268,019
15	Rivet(metal)	Pcs	630,000	661,500	694,575	729,304	765,769	804,057
16	Zipper	Pcs	950,000	997,500	1,047,375	1,099,744	1,154,731	1,212,467
17	Shoulder pad	Pcs	105,000	110,250	115,763	121,551	127,628	134,010
18	Embroidery patch	Pcs	420,000	441,000	463,050	486,203	510,513	536,038
19	Hanger	Pcs	490,000	514,500	540,225	567,236	595,598	625,378
20	Tag	Pcs	610,000	640,500	672,525	706,151	741,459	778,532
21	Size Clip	Pcs	430,000	451,500	474,075	497,779	522,668	548,801
22	Plastic bag	Pcs	490,000	514,500	540,225	567,236	595,598	625,378
23	Sticker	Pcs	490,000	514,500	540,225	567,236	595,598	625,378
24	Ribbon Tape	Cm	117,750	123,638	129,819	136,310	143,126	150,282

Above & Beyond Co.,Ltd
Production & Income Statement

Sr.No.	Particulars	Unit	Year					
			1	2	3	4	5	6-10
I	**Production**		**295,000**	**368,750**	**442,500**	**464,625**	**487,856**	**512,249**
1	T-Shirt	Pcs	80,000	100,000	120,000	126,000	132,300	138,915
2	Polo Shirt	Pcs	50,000	62,500	75,000	78,750	82,688	86,822
3	Pants	Pcs	80,000	100,000	120,000	126,000	132,300	138,915
4	Hoodie	Pcs	40,000	50,000	60,000	63,000	66,150	69,458
5	Jacket	Pcs	45,000	56,250	67,500	70,875	74,419	78,140
6	Rain Coat	Pcs	45,000	56,250	67,500	70,875	74,419	78,140
7	Ladieswear	Pcs	60,000	75,000	90,000	94,500	99,225	104,186
8	Kidswear	Pcs	75,000	93,750	112,500	118,125	124,031	130,233
9	Pyjamas	Pcs	50,000	62,500	75,000	78,750	82,688	86,822
10	Shirt	Pcs	50,000	62,500	75,000	78,750	82,688	86,822
II	**CMP Charges (US$)**							
